

mgyoe.com




mgyoe.com

mgyoe.com




ISBN9789997114785
MKK5
9 789997 114785
1,700.00KS

mgyoe.com

ရန်ကုန်မြို့မှာ ၁-၂-၃-၄-၅၊ မောင်ကိုကို(အမရပူရ)
မျက်နှာဖုံးပန်းချီ - မှတ်သုန်၊ အတွင်းပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၉၉+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
(ပထမအကြိမ် - ၂၀၁၁)

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ရန်ကုန်မြို့မှာ
# ၁-၂-၃-၄-၅

## မောင်ကိုကို(အမရပူရ)

ဒုတိယအကြိမ်၊ ၂၀၀၃

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# သောကြာနေ့

အတော်အတန် ကျယ်ဝန်းသည့် ခြံဝင်းထဲမှာ အဝါဖျော့ဖျော့ ပတ်ကားတိုက်တစ်လုံး ဆောက်လုပ်ထားသည်။

နှစ်ထပ်တိုက်က ခြံဝင်းရဲ့ သည်ဘက်အုတ်နံရံနားမှာ ကပ်ဆောက် ထားပြီး ကျွန်းသားဘော်ဒါဆောင်က ခြံဝင်းရဲ့ ဟိုဘက်သံဆူးကြိုးအနီးမှာ ကပ်ဆောက်ထားပါသည်။ ထိုကျွန်းသားဘော်ဒါဆောင်၏ နောက်ဖေးမှာ တဲပုံသဏ္ဍာန် အိမ်သေးသေးလေးတစ်လုံး ရှိနေပါသည်။ နှစ်ထပ်တိုက်နှင့် ကျွန်းသားဘော်ဒါဆောင်အကြားမှာတော့ အုတ်ရေကန် အကြီးစားကြီး တစ်ကန်ရှိပါ၏။ အုတ်ရေကန်သည် ရှည်ရှည်မျောမျော ထုသားကောင်းကောင်း ဖြစ်ပါသည်။ အုတ်ရေကန်အနားမှာ မာလကာပင်တစ်ပင် ရှိပါ၏။ မာလကာပင်သည် ထိုင်းမျိုးနွယ် ကီလိုမာလကာပင်ဖြစ်ကာ အသီးများ သီးနေပါသည်။

အုတ်ရေကန်ကြီးသည် မိုးများသည်းထန်စွာ ရွာသွန်းလေ့ရှိသော ရန်ကုန်မိုးရာသီဦးမှ ရေများပြည့်လျှံကာ ကျက်သရေ ရှိနေပါ၏။ ရေကန်ကြီး တစ်ကန်၏ တင့်တယ်

mgyoe.com

mgyoe.com


မှုမှာ ရေပြည့်လျှံနေခြင်းပင် မဟုတ်ပါလား။ မိုးရာသီ မဟုတ်လျှင်တော့ ရေကန်ကြီးသည် တင့်တယ်မှုကို မခံစားရရှာသည့် မိန်းမတစ်ဦးလိုပင် ဟောက်ပက်ဟင်းလင်းဖြစ်ကာ ရေတစ်လက်မပင်လျှင် သူ့ ဝမ်းဗိုက်ထဲ၌ ထည့်မထားနိုင်ခဲ့သည့်နေ့ရက်တွေ ရှိပါသည်။

ငှက်ကလေးတစ်ကောင်သည် ရေကန်၏ နှုတ်ခမ်းပေါ်နားကာ ရေသောက်ရန် ကန်ထဲသို့ ငုံ့ကိုင်းကြည့်၏။

"ရေကန်ဖြစ်ပြီး ကန်ထဲမှာ ရေမရှိတာဟာ သနားစရာကောင်းတဲ့ ဒုက္ခသည်ရေကန်ကြီးပဲပေါ့"

ငှက်က ရေကန်ကို ပြောသည်။

"ငါဟာ သနားစရာကောင်းတာ မှန်တယ်။ ငါ့ကို မှီတင်းနေထိုင်ကြတဲ့ ဒီဘော်ဒါဆောင်က လူတွေကို ငါက ပြန်သနားမိတယ်"

ရေကန်က ပြန်ပြောသည်။

ငှက်က "ရေဆာတယ်" လို့ ပြောပြီး ပျံထွက်သွားသည်။

နှစ်ထပ်တိုက်နှင့် ဘော်ဒါဆောင်၏ မျက်နှာချင်းဆိုင်မှာ အုတ်နံရံ မြင့်မြင့် ကာရံထားပါ၏။ ကားဝင်ထွက်နိုင်သည့် တံခါးပေါက်ကြီးဖြစ်ပြီး သံပန်းဝင်းတံခါးမှာ အပေါ်သို့ ထိုးထောင်ချွန်တက်နေသော သံအချွန်အတက်တွေက အလှအပလိုလို၊ သူခိုးသူဝှက်ရန်ကို ကာကွယ်ဖို့လိုလိုနှင့် မြင်ရသူကို အသည်းယားစေခဲ့ပါ၏။

အဆောင်ပိုင်ရှင်က နှစ်ထပ်တိုက်ရဲ့အပေါ်ထပ်မှာ နေသည်။ အောက်ထပ်မှာ မိသားစု တစ်ခုကို အိမ်ငှားထားခဲ့ရာ ယခု ပြောင်းရွှေ့သွားပြီ ဖြစ်လို့ လစ်လပ်နေ၏။

တိုက်အပေါ်ထပ် ဝရန်တာမှာ ပက်လက်ကုလားထိုင်တစ်လုံးပေါ် ထိုင်လျက် ပုတီးစိပ်ရင်း ခြံဝင်းတံခါးပေါက်ကို အချိန်ပြည့် ကြည့်နေသူမှာ အဆောင်ပိုင်ရှင် အမျိုးသားကြီး ဖြစ်ပါ၏။ အမျိုးသားကြီး၏ အသက်မှာ ခြောက်ဆယ်ကျော်ပြီ။ ပိန်ပိန်သေးသေး ဖြစ်ပါသည်။ ခြံဝင်းသံတံခါးကို ဘယ်သူတွန်းဖွင့်လို့ ဝင်ရောက်လာမလဲ ကွက်ကြည့် ကွက်ကြည့် လုပ်လိုက်၊ သံမင်းတုပ် ဖွင့်သံ ပိတ်သံ ဂျလောင်း ဂျလောင်း နားစွင့်လိုက် လုပ်ရင်း ပုတီးကို ဆက်စိပ်နေပါ၏။

mgyoe.com

mgyoe.com


အဆောင်ပိုင်ရှင် အန်ကယ်ကြီး၏ ဇနီးဖြစ်သူ အန်တီကြီးမှာ သူမ၏ အိမ်ကို ဦးတည်လျက် ဆန်နီစူပါဆလွန်း အဖြူကို လမ်းမပေါ်မှာ ခပ်ကြမ်းကြမ်း မောင်းနှင်နေ၏။ အန်တီကြီး၏ အသက်မှာလည်း ခြောက်ဆယ်ဝန်းကျင်ပင် ဖြစ်ပါ၏။ သို့ရာတွင် မော်တော်ကားကို ခပ်ကြမ်းကြမ်း မောင်းပါသည်။

လွယ်အိတ်အနီ ဖားဖားတစ်လုံးနှင့် လူတစ်ယောက်သည် လမ်းမနံဘေးမှာ ခပ်သွက်သွက် လမ်းလျှောက်နေပါသည်။ သူသည် ထိုဘော်ဒါဆောင်ကို ဦးတည်ပြီး အခန်းတစ်ခန်းမှာ နေထိုင်ခွင့်ရဖို့ ထိုအခန်းလွတ်ကို အခြားလူ သူ့ထက်ဦးစွာ ရရှိမသွားအောင် ခပ်သုတ်သုတ် လမ်းလျှောက်နေခြင်း ဖြစ်ပါသည်။ သူသည် ရေအိုင်တွေကို ကွင်းလျှောက်သွားသည်။ ထိုစဉ် အန်တီကြီး မောင်းလာသော ဆန်နီစူပါဆလွန်းက ပွမ်ခနဲ ဟွန်းတီးရင်း ကားဘီးများက ထိုရေအိုင်ငယ်ကို ခပ်ကြမ်းကြမ်း ကျော်ဖြတ်သွားသည်။ ရေအိုင်ထဲမှ ရေတွေက ဗရန်း ဗရန်းဟု အော်မြည်လျက် ခုန်ကျော်လွင့်ပျံသွားကာ ရွှံ့ဗွက်ရေအချို့မှာ လမ်းဘေးမှ လွယ်အိတ်အနီနှင့် လူမှာတော့ ဆန်နီစူပါဆလွန်း၏ ဖင်ပိုင်းကို ဆဲရေးလျက် ထိုကားသွားရာလမ်းအတိုင်း ဆက်လျှောက်ခဲ့၏။

အန်တီကြီး၏ ဆန်နီစူပါဆလွန်းသည် ခဏနှင့်ပင် ခြံဝင်းတံခါးအပေါက်ဝသို့ ရောက်လာပါသည်။ ပွမ် ပွမ်ဟု ဟွန်းတီးလိုက်သည်။

ကောင်မလေးတစ်ယောက် နှစ်ထပ်တိုက်ထဲမှ ကပျာကယာ ပြေးထွက်လာ၏။

"လာပြီအန်တီ၊ လာပြီအန်တီ သမီး လာပြီ"

ခပ်ငယ်ငယ် အပျိုမဖြစ်တဖြစ် အရွယ်ကလေးဖြစ်ပါသည်။ ကောင်မလေးက သံပန်းတံခါးကို နှစ်ဖက်စလုံး ဟင်းလင်းဖွင့်ပေးရင်း သံပန်းတံခါးတစ်ရွက်ကို လက်နှင့် ထိန်းကိုင်လျက် အန်တီကြီးကား မောင်းဝင်တာ စောင့်ကြည့်နေသည်။ အန်တီကြီးက ကားကို ကားဂိုဒေါင်ထဲသို့ မောင်းသွင်းလိုက်၏။ ကောင်မလေးက နံဘေးမှာ ကပ်ထားသည့် သံပန်း တံခါးရွက်နှစ်ခုကို ပြန်လည်ဆွဲယူစေ့သည်။ နှစ်ချပ်စေ့မိချိန်မှာ သံမင်းတုပ်ကို ဂျလောက်ဆို ထိုးထည့်လိုက်၏။

mgyoe.com

mgyoe.com

ထိုစဉ် လွယ်အိတ်အနီနှင့် လူက သံတံခါးအပေါက်ဝသို့ ရောက်လာ၏။ ကောင်မလေးက တံခါးကို ကျောပေးရွေ့လျားခါစမှာ သူ ရောက်လာခြင်း ဖြစ်၏။

"ဟော့... ဟော့ ကလေးမ"

ကောင်မလေးက အိမ်ကြီးရှင်၏ အိမ်ဖော်ပီသစွာ မထိတရိ အကြည့်နှင့်...

"ဘာကိစ္စလဲရှင့်"

ဟု အေးစက်စက် တုံ့ပြန်၏။

"ဒီအဆောင်မှာ အခန်းတစ်ခန်း လွတ်နေတယ်ကြားလို့၊ နေခွင့်ရနိုင်မလားလို့ပါ"

"ဩော်... ဩော် အခန်း တစ်ခန်းလွတ်နေတယ်။ လူဦးသွားပြီလားတော့ မသိ"

ကောင်မလေးက တံခါး သံမင်းတုပ်ကို ဖွင့်ကာ သံပန်းတံခါးကို လူတစ်ယောက်ဝင်သာရုံ ဟပေးလိုက်၏။ လွယ်အိတ်အနီနှင့်လူ ခြံဝင်းထဲသို့ တစ်ကိုယ်လုံး ရောက်ရှိလာပြီ။

"ကျွန်မနဲ့ အပေါ်ထပ်ကို လိုက်ခဲ့ပါ။ စကားပြောရင်တော့ အန်တီကြီးနဲ့ပဲ ပြောရလိမ့်မယ်နော်။ ဒီအိမ်မှာ အဆောင်ကိစ္စကို အန်တီနဲ့မှ ပြီးပြတ်တယ်"

ဝရန်တာမှ အန်ကယ်လ်ကြီးသည် လူတစ်ယောက် ခြံဝင်းထဲသို့ ဝင်လာတာ မြင်လိုက်သည်နှင့် အောက်ထပ်သို့ လှေကားအတိုင်း ပြေးဆင်းကာ လှေကားရင်းထောင့်ကလေးနားမှာရှိသည့် ရေမော်တာကို နှိုးလေ့ရှိသည်။ မကြာခင်မှာ ရေကန်ကြီးထဲသို့ ရေပိုက်ခေါင်းမှ ရေတွေ တဝေါဝေါ ဆင်းကျလာ၏။

သစ်သားဘော်ဒါဆောင်ပေါ်မှာ အဆောင်နေ လူများက ထိုရေသံကို ကြားလိုက်ရသည်။

သူတို့ အူမြူးသွားကြ၏။

"ဟော့၊ ရေကန်ကြီးထဲမှာ ရေသံတွေ အချိန်အခါမဟုတ် ပေးနေပြီ။ ငါတို့ အဆောင်မှာ လူသစ်တစ်ယောက် ရောက်ပြီဟော့"

mgyoe.com

mgyee.com

သူတို့ ပြတင်းပေါက်တွေ ဖွင့်လိုက်ကြသည်။ နှစ်ထပ်တိုက်ဆီသို့ သူတို့ လှမ်းကြည့်လိုက်ကြ၏။

လွယ်အိတ်နှင့်လူက ဝရန်တာက ခုံတစ်ခုံပေါ်မှာ ထိုင်နေပြီ။ အန်ကယ်ကြီးက ဝရန်တာသို့ ပြန်မော့ကြည့်နေ၏။

"အန်ကယ်လ်၊ ကျွန်တော် အန်ကယ်လ်တို့ အဆောင်မှာ နေချင်လို့ ပါ"

အန်ကယ်လ်ကြီးက မတုန်မလှုပ် အေးတိအေးစက်။

"အေး၊ ထိုင်စောင့် အန်တီကြီးလာလိမ့်မယ်"

မကြာပါဘူး။ အန်တီကြီး ရောက်လာသည်။ အန်တီကြီးက မျက်မှန်နှင့် ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သည်။

"ခုနတုန်းက ငါ့ကို ကျော်ဖြတ်သွားတဲ့ ဆန်နီစူပါဆလွန်းမောင်းတဲ့ မိန်းမကြီးပါလား၊ ငါ့အင်္ကျီပေါ်က ရွှံ့ရေစက်တွေ ပေပွနေတာ ဒီမိန်းမကြီး မြင်လောက်ပါတယ်။"

သူ စိတ်ထဲက ပြောနေသည်။

"မင်းက ဘာလဲ၊ ဒီအဆောင်မှာ နေချင်လို့ပေါ့ ဟုတ်လား"

သူ့အင်္ကျီပေါ်က ရွှံ့ရေစက်တွေကို အန်တီကြီးက အားနာဟန်လည်း မပြု၊ သိမြင်ဟန်လည်း မပြုပါ။

"ဟုတ်ကဲ့ပါ။ ကျွန်တော် အန်တီတို့ အဆောင်မှာ နေခွင့်ရချင်လို့ပါ"

အန်တီကြီး သူ့မျက်နှာနှင့် သူ့အင်္ကျီကို တစ်ချက်ဝေ့ကြည့်လိုက်၏။

"မင်းက ဘာအလုပ်လုပ်သလဲ"

"ကျွန်တော်က ဆောင်းပါးရှင်ပါ"

သူက ခေါင်းမော့၍ ပြော၏။

"ဘာ... ဆောင်းပါးရှင်...၊ အဲဒါ တရုတ်သိုင်းသမားလား... မင်းက မြန်မာပါ"

သူ ရင်ဘတ်ကို ကော့ကာ...

"ကျွန်တော်က ဂျာနယ်လစ်လေ"

"ဘာ... ဂျာနယ်တွေကို လစ်တာ ဟုတ်လား၊ မဖြစ်ဘူး... မဖြစ်ဘူး။ ငါ့အဆောင်မှာ ခါးပိုက်နှိုက်တွေ အလစ်သုတ်သမားတွေ လုံးဝမထားဘူး။"
mgyee.com

mgyoe.com

မင်း ပြန်နိုင်ပြီ"

"မဟုတ်ဘူးလေ... အန်တီ၊ ဆောင်းပါးရှင်ဆိုတာ... ဂျာနယ်လစ်ဆိုတာ စီးပွားရေးမဂ္ဂဇင်းမှာ ကျွန်တော်က ဆောင်းပါးအကြီးစားတွေ ရေးသားတာ။ မြန်မာပြည်က တကယ့် ဂရိတ်အကြီးစား စီးပွားရေးသမားတွေနဲ့ တွေ့ဆုံအင်တာဗျူး လုပ်ပြီးမှ ကျွန်တော်က မဂ္ဂဇင်းပေါ်မှာ စီးပွားရေးဆောင်းပါး ပြန်ရေးတာ"

"ဩော် အဲဒီလိုလား...၊ မင်းဆောင်းပါးရေးတာ တစ်ပုဒ် ဘယ်လောက်ရသလဲ"

"တစ်ပုဒ်ကို သောင်းဂဏန်းပေါ့ အန်တီရယ်"

သူ ရင်ကော့ပြီး ဖြေသည်။

"အေးလေ... လူတွေကို ပညာဉာဏ်ပေးတဲ့ စာတွေရေးတယ်ဆိုတော့ မင်းက ပညာရှိ ပညာတတ် တစ်ယောက်ပေါ့ကွာ၊ ပညာရှိကို ပညာပြန်ပေးရတာ ကောင်းတော့ မကောင်းပါဘူး။ ဒါပေမဲ့ အန်တီတို့အဆောင်ရဲ့ စည်းကမ်းနဲ့ပတ်သက်လို့..."

"နေပါဦး အန်တီ...၊ အန်တီပြောနေတဲ့ အထဲက အန်တီ ကျွန်တော့် အပေါ် သတ်မှတ်တဲ့အထဲက တစ်ခုလွဲနေလို့ပါ။ လွဲတာကြီးအတိုင်း အန်တီ ဆက်လွဲမသွားရအောင် စောစောကတည်းက ကျွန်တော် တစ်ခုပြင်ပါရစေ အန်တီ"

"ဘာလဲကွ မင်းက..."

အန်တီကြီးက သူ့စကားကို လမ်းခုလတ်မှာ ရပ်တန့်ထားလိုက်ရလို့ သိပ်တော့ ကျေနပ်ပုံမပေါ်။ နည်းနည်း ကသိကအောက် ဖြစ်သွားပုံရသည်။ သို့သော် အန်တီကြီးက သူ့ကိုယ်သူ ဟန်မပျက်အောင် ထိန်းတဲ့အနေနဲ့ စီးကရက်တစ်လိပ်ကို ထုတ်ကာ မီးညှိသောက်နေသည်။ အန်တီကြီးရဲ့ စကားသံက ခပ်ပြတ်ပြတ် ခပ်မာမာ၊ ကိုယ့်ဘက်ကနေ ကိုယ့်ရပိုင်ခွင့် ကိုယ့်လုပ်ပိုင်ခွင့်ကို အပြည့်အဝ ယူထားပြီး တခြားသူကို စပါးလုံး တစ်လုံးစာမျှ ညှာတာမှု မပေးနိုင်သည့် သဘောထားနှင့် အပြုအမူကို ပိုင်ဆိုင်ထားသည်။

အန်တီကြီးက သူ့ကို မကြည့်ဘဲ စီးကရက်ကို ဖွာရှိုက်နေသည်။

"ဒီလိုပါ၊ ကျွန်တော်က ပညာရှိ ပညာတတ်လို့ ဆောင်းပါးတွေ

mgyoe.com

ရေးတာမျိုး မဟုတ်ပါဘူး။ ကျွန်တော်က အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ စီးပွားရေးသမားတွေကို အပ္ပိုင့်မင့်ယူ တွေ့ဆုံ အင်တာဗျူးလုပ်၊ ဆိုနီကက်ဆက် အသေးစားလေးနဲ့ အသံဖမ်း၊ အခန်းရောက်တော့ ပြန်နားထောင်ပြီး သူတို့ပြောတာတွေပဲ ဆောင်းပါးပြန်ရေးတာ အန်တီရဲ့။ ကျွန်တော့် သဘောထား ကျွန်တော့် ပညာဉာဏ် တစ်ခုမှ အဲဒီဆောင်းပါးထဲမှာ မပါဘူး"

သူက အဲလိုတွေ ပြောနေပေမဲ့လည်း အန်တီကြီးက စီးကရက်ကိုပဲ တရှိုက်မက်မက် ဖွာရှိုက်နေပါသည်။

ရေကန်ထဲသို့ ရေကျဆင်းသံများ ကြားနေရသည်။ လူအသစ်တစ်ယောက် အခန်းလာငှားပြီဆိုလျှင် ဒီအဆောင်မှာ ရေပြဿနာမရှိဘူး ထင်ရအောင် အဲဒီလို ရေတင်ပေးတတ်တာကို ဘော်ဒါဆောင် လူဟောင်းများကတော့ နောကျေနေကြပြီ။ မိုးရွာတုန်းရေခံ၊ ရေလာတုန်း ရေချိုးဆိုသလို ဘော်ဒါဆောင်ကလူဟောင်းများက ရေကန်ကြီးဆီသို့ ရေခွက်ကိုယ်စီ၊ ဆပ်ပြာခွက် ကိုယ်စီဖြင့် ထွက်လာကာ ရေခပ်ချိုးကြသည်။ သောက်ရေသုံးရေ ခပ်ကြသည်။ ပေား တို့များလည်း ပျော်သည်။

အန်တီကြီးက သူ့ကို တစ်ချက် ကြည့်လိုက်၏။

"အေးလေ ထားပါတော့...၊ ဆောင်းပါးရှင်တွေ၊ ဂျာနယ်လစ်တွေ အန်တီ နားမလည်ဘူး၊ ဘာပဲရေးရေး အန်တီတို့က စာရေးဆရာလို့ပဲ ခေါ်တယ်။ မင်းက စာရေးဆရာ ဆိုပါတော့ကွာ"

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်က ခံစားမှုရှိရင် ရှိသလို ဝတ္ထုတိုလည်း ရေးပါတယ်။ ဟိုတစ်လောကတော့ ကျွန်တော့်ရဲ့ ဝတ္ထုတိုပေါင်းချုပ် စာအုပ်ဟာ အမျိုးသားစာပေဆု ရတော့မလို့ သိသိလေး လွဲသွားတယ်"

"ဒါထက် မင်းရဲ့ နာမည်က ဘယ်သူ"

"ကျွန်တော့်နာမည်ရင်းကလည်း ကျန်ကျောင်း၊ ကလောင်နာမည်လည်း ကျန်ကျောင်းပဲ"

"ဒီလိုရှိတယ် မောင်ကျန်ကျောင်း၊ အန်တီတို့ အဆောင်က အခန်းတစ်ခန်းလွတ်တယ်ဆိုရင်ပဲ ဒီမှာနေချင်တဲ့လူတွေ သုံးလေးဆယ် တန်းစီနေတာကွ။ မင်း နာမည်ပေးထားပါ။ အန်တီတို့ရဲ့ ဖုန်းနံပါတ်ကို မင်းယူထားပါ။

mgyoe.com

mgyoe.com

မင်း အလုပ်ဌာနမှာ ဖုန်းရှိတယ်ဆိုရင်လည်း အန်တီတို့က ဆက်မှာ မဟုတ်ဘူး။ မင်းပဲ ဖုန်းဆက်ပြီး မေးပေါ့ကွာ။ ဒီမှာ နေချင်တဲ့ လူတွေထဲကနေ ဒီအဆောင်နဲ့ ထိုက်တန်တဲ့ လူတစ်ယောက်ကို အန်တီက တစ်ပတ်အတွင်း ရွေးချယ်ပေးမယ်"

သူကတော့ အန်တီကြီး၏ အပြောအဆိုနှင့် အမူအရာကို လုံးဝ မကြိုက်။ စိတ်သဘောလည်း ကောင်းမှာမဟုတ်ဘူး။ အမျိုးသားကြီးကတော့ အရုပ်လိုပဲ၊ ဒီမှာ မနေတော့ဘူးလို့ ခပ်တင်းတင်း ပြောပြီး ပြန်ဆင်းခဲ့ရင် ကောင်းမလားဟု သူတွေးသည်။

ယခု သူ နေနေဆဲအဆောင်က ကြည့်မြင်တိုင်တောလမ်းက သစ်သား အိမ် တစ်အိမ်၏ အပေါ်ထပ်မှာ ဖြစ်သည်။ အခန်းလေးခန်းဖွဲ့ထားရာ သူက အစွန်ဆုံး အခန်းကို ရထားသည်။ ပိုင်ရှင်မှာ အဘွားကြီးတစ်ဦး ဖြစ်သည်။ နေထိုင်ရတာ အဆင်ပြေပါသည်။ မြို့ထဲသွားဖို့ ဘတ်စ်ကားစီးလျှင်လည်း ကြည့်မြင်တိုင် အပေါ်လမ်းက စီးမလား၊ အောက်လမ်းက စီးမလား၊ မြို့ထဲကို ရွှတ်ဆို ရောက်သွားသည်။ ရွှေတိဂုံစေတီကို တက်ဖူးမယ်ဆိုရင်လည်း ဗားကရာလမ်းဘက် ထွက်စီးလိုက်ရုံပဲ ဖြစ်သည်။ သို့သော် ထိုအိမ်က ရောင်းတော့မည်။ ဈေးတည့်သွားပြီ။ ရက်ပိုင်းအတွင်း ဖယ်ပေးရတော့မည်။ သူကလည်း သပ်သပ်ရပ်ရပ် ကျယ်ကျယ်ဝန်းဝန်း တစ်ယောက်ခန်းကို လိုချင်သည်။ လှည်းတန်းတစ်ဝိုက်မှာလည်း လိုက်ရှာကြည့်ရာ အားလုံး လူပြည့်နေပါပြီ။ အန်တီကြီးက စီးကရက် မီးခိုးတွေ မှုတ်ထုတ်လိုက်သည်။

"အေး၊ အဆောင်စည်းကမ်းချက်တွေ လိုက်နာတဲ့ သူမှ ဒီအဆောင်မှာ နေလို့ရတယ်။ အဲဒါအရေးအကြီးဆုံးပဲ။ လုံးဝ အရက် မသောက်ရဘူး။ မင်းကော အရက်သောက်တတ်သလား။ အရက်မသောက်ရဘူးဆိုတာ အဆောင်မှာတင် မသောက်ရတာ ပြောတာမဟုတ်ဘူးနော်။ အရက် သောက်တတ်တဲ့ လူကို လုံးဝ လက်မခံဘူး။ အပြင်မှာ သောက်ခဲ့ပြီး အဆောင်ပြန်လာတာမျိုးလည်း လက်မခံဘူး။ တစ်ခါတလေ အရက် သောက်ရင်လည်း သောက်တဲ့နေ့ အပြင်မှာအိပ်ပါ။ နောက် မူးယစ်ဆေးဝါး မသုံးစွဲရဘူး။ နောက် ခြံဝင်းတံခါးကို ည ၉ နာရီမှာ သော့ခတ်တယ်။ ၉ နာရီမထိုးခင် အဆောင်ကို ပြန်ဝင်ရတယ်။ အန်တီတို့ တိုက်အပေါ်ထပ်ကနေ

mgyoe.com

mgyoe.com


ကြည့်နေမယ်။ ခြံဝင်းတံခါး ကျော်ဝင်တဲ့လူ ချက်ချင်းအဆောင်က နှင်ထုတ်မယ်။ သံဆူးကြိုးအောက်ကလည်း ခွေးလို တိုးမဝင်ရဘူး။ အဆောင်ရဲ့ မြောက်ဘက်မှာ သံဆူးကြိုးကာထားတာ။ နောက် လျှပ်စစ်မီးနဲ့ ထမင်း မချက်ရဘူး။ မီးပူ မတိုက်ရဘူး။ ရေနွေးမကျိုရဘူး။ မီးဖွင့်ပြီး မအိပ်ရဘူး။ အဆောင်လခကို လစဉ် လဆန်းသုံးရက်နေ့ မတိုင်မီမှာ ပေးရမယ်။ ဟုတ်ရဲ့လား"

အန်တီကြီးက ကုလားထိုင်ပေါ်မှာ မြိန့်မြိန့်ကြီး ထိုင်ရင်းပြောသည်။ စကားပြောလို့ မောသွားဟန်ဖြင့် စီးကရက် ဖွာရှိုက်သည်။

"ဟုတ်ကဲ့။ ဒါဆိုရင် နောက်တစ်ပတ်နေမှ ကျွန်တော် လာရမှာပေါ့နော်"

"ကဲပါကွာ။ လာမယ့် သောကြာနေ့မှာ မင်း အန်တီ့ဆီ ဖုန်းဆက်မေးကွာ၊ ရော့၊ အန်တီရဲ့ ဗစ်စတင်းကတ်ပြား"

အန်တီကြီးက သူ့ပိုက်ဆံအိတ်ထဲမှ ကတ်ပြားလေး လှမ်းပေးသည်။ သူလှမ်းယူပြီး ဖျတ်ခနဲ ဖတ်လိုက်၏။

ဒေါ်ကောင်းကင်မိုးသက်တန့်
အဆောင်မှူး
သန့်ရှင်းသာယာချမ်းမြေ့ဆောင်
ရန်ကုန်မြို့
Phone: 000777

"ကျွန်တော် သွားလိုက်ပါဦးမယ် အန်တီ။ သောကြာနေ့မှာ ကျွန်တော် ဖုန်းဆက်ဆက် ဆက်ပါမယ်"

"အေးပေါ့ကွ မင်းက အဆောင်နေချင်တာပဲ။ မင်းဘက်က ဝီရိယ ကောင်းဖို့ လိုတာပေါ့။ ရန်ကုန်မြို့မှာ အေးအေးချမ်းချမ်း နေရာလေး တစ်နေရာမှာ နေစရာ အခန်းလေး တစ်ခန်းရထားပြီး အဲဒီအခန်းလေးထဲက တစ်ယောက်အိပ်ခုတင်ကလေး တစ်လုံးပေါ်မှာ စည်းစိမ်ရှိရှိ မကြောင့်မကြ ကျောခင်းအိပ်ဖို့ဆိုတာ လွယ်တယ်မှတ်လို့ကွာ"

သူ လှေကားအဆင်းမှာ သူ့နောက်ကျောကို အန်တီကြီးရဲ့ စကားလုံးတွေက မြားတွေလို ထိုးစိုက်နစ်ဝင်လာပါသည်။

mgyoe.com

mgyoe.com

အန်တီကြီးရဲ့ ကားဘီးကြောင့် စဉ်လာတဲ့ ရွှံ့စက်တွေက ငါ့အင်္ကျီရဲ့ ကျောပေါ်မှာ၊ အန်တီကြီးရဲ့ ပါးစပ်ထဲက ပစ်လွှတ်လိုက်တဲ့ မြားတွေက ငါ့နောက်ကျောထဲမှာ၊ ဘာဖြစ်လဲ၊ ဒါ ရန်ကုန်ပဲ၊ ရန်ကုန်ဆိုတာ ဝက်တစ်ကောင်လို ရင်ဘတ်တွေ ကျောတွေ အရေထူဖို့ လိုအပ်ခဲ့တာပေါ့"

သူ တိုးတိုးရေရွတ်ရင်း ဆင်းလာခဲ့သည်။ ရန်ကုန်မှာနေရင် ဝက်တစ်ကောင်လို အရေထူဖို့ လိုအပ်သည်။

*

သောကြာနေ့မှာ သူ အန်တီကြီးထံ ဖုန်းဆက်ဖြစ်ပါသည်။ အန်တီကြီးက လာခဲ့ဟု ခေါ်သည်။

"မင်း ကော်ဖီမစ်တစ်ထုပ် ဝယ်သောက်ရင်း နှစ်ဆယ့် တစ်လက်မ တီဗီကံစမ်းမဲ ပေါက်သလိုပါပဲကွာ၊ မင်း ဒီအဆောင်မှာ နေခွင့်ရသွားပါပြီ။ ကမ္ဘာပေါ်မှာ မင်းဟာ ကံအကောင်းဆုံး လူတစ်ယောက်ပဲ။ ကဲ မင်းက အန်တီကို စပေါ်ငွေ သုံးထောင်ရယ်၊ အခုလအတွက် လခ တစ်ထောင့်ငါးရာ ရယ်၊ စုစုပေါင်း လေးထောင့်ငါးရာ ပေးကွာ။ မင်းနေရမယ့် အခန်းက အခန်းနံပါတ် ၁ ပဲ၊ သိပ်ကောင်းတဲ့ အခန်းပါပဲကွာ"

သူငွေ လေးထောင့်ငါးရာ ထုတ်ပေးလိုက်ရပါသည်။ "သန့်ရှင်း သာယာ ချမ်းမြေ့ဆောင်" ဟု ထိပ်မှာ ရေးထားသော ပြေစာစာရွက်ပေါ်တွင် အန်တီကြီးက ယခုလအတွက် အဆောင်ကြေးနှင့် စပေါ်ငွေ ရရှိကြောင်း ရေးသားကာ လက်မှတ်ထိုးပေးပါသည်။

ဒေါ်ကောင်းကင်မိုးသက်တန့်
အဆောင်မှူး

အန်ကယ်ကြီးကတော့ ရေမော်တာနှင့် ရေတင်လို့ ပြီးသွားပါပြီ။ အခုတော့ ဝရန်တာမှာ ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်ကာ ခြံဝင်းတံခါးဝကို အန်ကယ်ကြီး ငေးမောကြည့်နေ၏။

"အန်တို့အမျိုးသားက အငြိမ်းစား ညွှန်ကြားရေးမှူးကွ။ အန်တို့သားတွေအားလုံးက ဂျပန်မှာ အလုပ်လုပ်နေကြတယ်။

mgyoe.com


သမီးတစ်ယောက်ကတော့ အင်္ဂလန်မှာ မီဒီယာ သင်တန်းတက်နေတယ်။ သင်တန်းဆင်းရင် စက်ကာပူမှာ အလုပ်တစ်ခုဝင်လုပ်မှာ။ အန်တီတို့က အဆင့်အတန်းမြင့်သလို စည်းကမ်းလည်း ကြီးမားတယ်။ စည်းကမ်းကို လိုက်နာမှလည်း ဒီအဆောင်မှာ နေလို့ဖြစ်တယ်ကွ"

အဆောင်ကြေး ပေးသွင်းပြီးလို့ တိုက်လှေကားတစ်လျှောက်ဆင်းသွားစဉ်မှာ သူ့ကျောပြင်ဟာ နည်းနည်းပါးပါးတော့ ချမ်းစိမ့်စိမ့် ဖြစ်နေပါသည်။ မြားတွေ ကျောထဲစိုက်ဝင် စူးနစ်လာလေဦးမလား။ ယခင် မြားတွေကို ဆွဲမနုတ်ရသေးပါ။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဖွဲ့စည်းမှု

mgyoe.com

mgyoe.com

| | | |
|---|---|---|
| စာရေးဆရာ | ကုမ္ပဏီဝန်ထမ်း | အီလက်ထရောနစ် ဖက်တီး |
| သဘောသား | ဘဏ်စာရေး | ပင်စင်စား |

mgyoe.com

အန်တီကြီး၏ ဘော်ဒါဆောင်မှာ ကျယ်ဝန်းသော အခန်း ၆ ခန်း ရှိပါသည်။

အခန်း ၁ မှာ စာရေးဆရာ နေသည်။ အခန်း ၂ မှာ အချိုရည်ကုမ္ပဏီတစ်ခု၏ ဝန်ထမ်းတစ်ဦးနေသည်။ အခန်း ၃ မှာ မဟာဗန္ဓုလပန်းခြံလမ်းရှိ အီလက်ထရောနစ် အရောင်းဆိုင်ကြီးတစ်ခုတွင် အရောင်းတာဝန်ယူထားသည့် ခပ်ဝဝ လူငယ်တစ်ဦးနေသည်။ အခန်း ၄ မှာနေသည့်သူက သဘော်သားဖြစ်သည်။ နောက်တစ်ကြိမ် သဘော်ပြန်လိုက်ဖို့ သူက စောင့်ဆိုင်းနေ၏။ အခန်း ၅ မှာနေသည့်သူက ဘဏ်စာရေးဖြစ်သည်။ အသံပြာပြာ ဆံပင်ကောက်ကောက် လူတစ်ယောက် ဖြစ်ပါ၏။ အခန်း ၆ မှာ နေသူကတော့ အသက် ၇၆ နှစ်အရွယ်ရှိ ပင်စင်စား အဘိုးကြီးတစ်ဦး ဖြစ်သည်။

အခန်း ၁၊ ၂၊ ၃ ကို အပေါ်ထပ်မှာ ဖွဲ့စည်းထားပြီး အခန်း ၄၊ ၅၊ ၆ ကို အောက်ထပ်မှာ ဖွဲ့စည်းထားပါသည်။

ဘော်ဒါဆောင်၏ နောက်ဖေးမှာရှိသော အိမ်ကလေးထဲမှာတော့ စတိုးဆိုင်မှာ အလုပ်လုပ်သည့် ကောင်မလေးတစ်ယောက်နှင့် လမ်းမတော် တရုတ်တန်းမှာ ဖောရိန်းရှပ်အတုတွေ ချုပ်သည့် အပ်ချုပ်ဆိုင်မှာ အလုပ်လုပ်သည့် အရွယ်လတ် အမျိုးသမီးတစ်ဦး နေထိုင်သည်။

❑

mgyoe.com

mgyoe.com

# အခန်း [၁]

စာရေးဆရာ ကျန်ကျောင်းသည် အခန်း ၁ ထဲက ခုတင်လေးပေါ်မှာ ပက်လက်လှန်လျက် လန်ဒန်စီးကရက်ကို ရှိုက်ဖွာနေသည်။ သူသည် တီရှပ် အဖြူပွပွကြီး တစ်ထည်ကို ဝတ်ထား၏။ သူ့အခန်းသည် လှေကားတက် တက်ချင်း အပေါ်ထပ် အစွန်ဆုံးအခန်း ဖြစ်ပြီး ပြတင်းပေါက် နှစ်ပေါက် ပါ ရှိသည်။

သူသည် နာမည် ကျန်ကျောင်းဖြစ်ပေမဲ့ အသားညို သည်။ သူသည် တီရှပ်အဖြူ သို့မဟုတ် အနက် ပွပွဖားဖား ကြီးတွေကို ဝတ်လေ့ရှိသည်။ သူ့မှာ တီရှပ်ပွပွကြီးတွေ အများကြီးရှိသည်။ စူပါဝေါလ်က ပေးသည့် တီရှပ်တွေ ရှိသည်။ စူပါဝမ်းက လက်ဆောင်ပေးသည့် တီရှပ်တွေ ရှိ သည်။ ယုဇနက ရသည့် တီရှပ်တွေ၊ စိန်ဂေဟာကရသည့် တီရှပ်တွေ၊ ဂျော်ဒဲန်နိုးကရသည့် တီရှပ်တွေ သူ့မှာရှိသည်။

သူက စီးပွားရေးမဂ္ဂဇင်းနှစ်စောင်မှာ ဆောင်းပါးရေး ပြီး မော်ဒန်ဝတ္ထုတိုကလည်း ရေးသေးသည်။ စူပါမားကက် တွေမှာ အင်တာဗျူးလုပ်သည့်အခါ တီရှပ်တွေပေးလိုက်ကြ သည်။ ဟိုတစ်လောက ဝမ်းတွင်းသွားပြီး ပုဆိုး အကြောင်း

mgyoe.com

mgyoe.com

ဆောင်းပါးရေးခဲ့ရာ ပုဆိုးလေးဆယ့်နှစ်ထည် လက်ဆောင်ရခဲ့သည်။

သူ စီးကရက်သောက်ရာက စီးကရက် မတိုသေးဘဲ ပြာခံခွက်ထဲ ထိုးချေပစ်ကာ နိုင်ငံခြားကလာသည့် ချောကလက်တစ်ခု၏ စက္ကူပတ်ကို ခွာကာ ချောကလက်ကို ကိုက်စားနေလိုက်၏။ နိုင်ငံခြားအစားအစာတွေ ချည်း ရောင်းသည့် စူပါမားကက်တစ်ခုက ပေးလိုက်သည့် ချောကလက် ဖြစ်ပါသည်။

"စာရေးဆရာတွေ ဆင်းရဲတယ်၊ ဆင်းရဲတယ်နဲ့ ငါကတော့ မဆိုးပါလား။ ချောကလက် ဝါးလိုက်၊ ဝီစကီသောက်လိုက်၊ စီးကရက်ဖွာလိုက်၊ တီရှပ်ဝတ်လိုက်၊ ဂျင်းဘောင်းဘီဝတ်လိုက်၊ လေကလေးချွန်လိုက်၊ သီချင်းလေး ဆိုလိုက်၊ ကာရာအိုကေ စားတော်ဆက်တွေ သွားလိုက်နဲ့"

သူ တစ်ကိုယ်တည်းပြောရင်း ပြုံးဖြိဖြိကြီး ဖြစ်နေသည်။

ရန်ကုန်မြို့ကြီးမှာ ဟိုမှန်တံခါးတွေ တွန်းဖွင့်ဝင်လိုက်၊ ဒီအော့ဖစ်တာဝါ အပေါ်ထပ်ဆီ ဓာတ်လှေကားနဲ့တက်လိုက်၊ ကုမ္ပဏီပိုင်ရှင်နဲ့ ဗျူးလိုက်၊ မန်နေဂျင်းဒါရိုက်တာနဲ့ ဗျူးလိုက်၊ အဲဒါတွေ ဆောင်းပါး ပြန်ရေး၊ စာမူခ ကောင်းကောင်းထုတ်၊ ရန်ကုန်မြို့ကြီးမှာ စကားလုံးများနဲ့ လုပ်စားကိုင်စားလည်း ရတာပဲဟု သူ တွေးရင်း ချောကလက်ကို ဝါးသည်။

တစ်ခါမှာတော့ ပုဂ္ဂလိကဘဏ် မန်နေဂျင်းဒါရိုက်တာနှင့် သူတွေ့၏။ သူက ကက်ဆက်ကလေးတစ်လုံး ထိုးပေးပြီး...

"အခုလို အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီး ဖြစ်လာအောင် ဖြတ်သန်းခဲ့ရတဲ့ လူကြီးမင်းရဲ့ ဘဝကို ပြောပြပါခင်ဗျာ"

စကားတစ်ခွန်းလောက် မေးသည်။ ကျန်ကျောင်းအား မန်နေဂျင်းဒါရိုက်တာက ပြင်ဆင်ထားသည့် ကြိုတင်ပန္နက်ချထားသည့် သူ့ဘဝဇာတ်လမ်းကို စီကာပတ်ကုံး ပြောတော့သည်။ ပုံပြင်တွေ အတော်လေး ပြောတတ်သည့် မန်နေဂျင်းဒါရိုက်တာပင် ဖြစ်၏။ ပုံပြောဆရာတောင် သူ့လောက် စေ့စေ့စပ်စပ် ဝေဝေဆာဆာ ပြောတတ်မည် မဟုတ်ပါ။

ကျွန်ုပ်တို့၏ ဓာတ်ပုံဆရာကလည်း မန်နေဂျင်းဒါရိုက်တာ၏ အိုက်တင်ပါပါ (ဇာတ်လိုက်က ရှုံးလောက်တယ်) ပြောဟန်ဆိုဟန်ကို ထောင့်အမျိုးမျိုးမှ အနီးကပ် ရိုက်နေပါသည်။ ဤမန်နေဂျင်းဒါရိုက်တာသည်
mgyoe.com

mgyoe.com

သူ့ကို ဂျာနယ်လစ်တွေ လာရောက်တွေ့ဆုံလျှင် သူ့ဘဝဇာတ်လမ်းကို ဒီလို ဒီလို ပြောမယ်ဆိုတာ ကြိုတင်ပြင်ဆင်ထားပုံရပါသည်။ ဂျာနယ်လစ် အမျိုးမျိုးနှင့်လည်း တွေ့ဖူးပုံရပါသည်။

"ကျွန်တော်ဟာ လူသူကျဲပါးတဲ့ မြန်မာပြည်ရဲ့ ရွာကလေးတစ်ရွာမှာ မွေးဖွားခဲ့တာပါ။ ကျွန်တော်တို့ တစ်ရွာလုံးမှာ ကျွန်တော်တို့အိမ် အပါအဝင် အိမ်ကလေး ငါးအိမ်တည်းပဲ ရှိပါတယ်။ မူလတန်းကျောင်းသား ဘဝကို မိုင်နှစ်ဆယ်လောက်ဝေးတဲ့ ကျောင်းမှာ သွားရောက်ပညာသင်ကာ ဖြတ်သန်းခဲ့ရပါတယ်။ မူလတန်းအောင်သွားတော့ ကျွန်တော် ကျောင်းဆက် မတက်နိုင်ဘူး။ ကျောင်းက အနီးအနားမှာ မရှိခဲ့ဘူး။ ကျွန်တော် နွားခြံတစ်ခြံမှာ အလုပ်သွားလုပ်ရင်း နွားကျောင်းရတာပေါ့ဗျာ။ အင်္ဂလိပ်စာပေနဲ့ မြန်မာစာပေကိုတော့ ဟိုကဒီက ရွာထဲကို ပါပါလာတဲ့ စာအုပ်လေးတွေ လိုက်လံ တောင်းယူပြီး ကျွန်တော်ဟာ ကျက်မှတ်လေ့လာတယ်။ နောက် ကျွန်တော်ဟာ မန္တလေးမြို့ကိုသွားပြီး ဆန်အိတ်ထမ်းရင်း ပညာဆက်သင်တယ်။ ဆယ်တန်းအောင်တော့ ကိုယ့်ရွာကိုယ်ပြန်လာပြီး ကျောင်းဆရာလုပ်တယ်"

သူက ပုံပြင်တွေ ဆက်ပြောနေပါသည်။

စာရေးဆရာသည် လူတွေပြောတိုင်း ဟုတ်ကဲ့၊ ဟုတ်ကဲ့နှင့် ခေါင်း ညိတ်ပေးရတာ အကျင့်ပါနေပြီး ဟုတ်ဟုတ် ဟုတ်ကဲ့ လုပ်ကာ ခေါင်းတွေ ဖောဖောသီသီ ညိတ်ပြနေရပါသည်။ သူခေါင်းညိတ်တာ အကျင့်ပါနေပြီ။

စီခြောက်ဆယ် ကက်ဆက်ခွေ နှစ်ခွေတိတိ မန်နေဂျင်းဒါရိုက်တာက မနားတမ်း ပြောသွားပါသည်။ အကုန်လုံး ကက်ဆက်နှင့် ဖမ်းယူထားပါသည်။

"ကဲ... ဘာများ သိချင်ပါသေးသလဲ"

"ဟာ အရမ်း အရမ်းကို ပြီးပြည့်စုံတဲ့ Story ပါပဲ မန်နေဂျင်းဒါရိုက်တာကြီးရယ်"

"ဓာတ်ပုံဆရာကကော ဘယ်လိုပုံစံတွေများ ရိုက်ချင်ပါသေးသလဲ"

"ဟာ သိပ်ကောင်းတဲ့ ပုံတွေကို ကျွန်တော့် ကင်မရာထဲမှာ ထိန်းသိမ်းထားပြီးပါပြီ ခင်ဗျာ"

"အိုကေ... အိုကေ... ကဲ... ကဲ ကော်ဖီသုံးဆောင်ကြပါဦး"

mgyoe.com

mgyoe.com


သူတို့သုံးယောက် ကော်ဖီသောက်ကြသည်။

မန်နေဂျင်းဒါရိုက်တာကြီးက အလူမီနီယံအံဆွဲကြီးထဲမှ ဘလက်လေဘယ် ဝီစကီပုလင်းအကြီးနှစ်လုံးနှင့် ငါးသုံးလုံး စီးကရက် နှစ်တောင့်ကို ထုတ်ကာ သူတို့နှစ်ယောက်ကို လက်ဆောင်ပေးသည်။

စာရေးဆရာက အဲဒီပစ္စည်းတွေကို မမြင်သလိုလို အိုက်တင်နှင့်နေသည်။ ဓာတ်ပုံဆရာကတော့...

"ဟာ၊ ရပါတယ်ခင်ဗျာ၊ ရပါတယ်ခင်ဗျာ"

ဟုပြောကာ သူ၏ အသင့်ယူဆောင်လာသော ပလတ်စတစ်အိတ်ကြီးထဲသို့ အရက်ပုလင်းနှင့် စီးကရက်တောင့်တွေ ထည့်သည်။

ထိုနောက် စာရေးဆရာနှင့် ဓာတ်ပုံဆရာသည် မြေနီကုန်းက မခင်အေး၏ ကုန်စုံဆိုင်တွင် ဘလက်လေဘယ်နှစ်လုံးနှင့် ငါးသုံးလုံး စီးကရက် နှစ်တောင့်ကို သွားရောင်းကြသည်။ ပြီးတော့ စမ်းချောင်းပဒုမ္မာကွင်းနားမှာ ဘီအီးနှင့် ဝက်ခေါင်းသုပ်တစ်ပွဲ၊ ဆီချက်နှစ်ပွဲ မှာစားကြကာ ပစ္စည်းရောင်းလို့ရတဲ့ ပိုက်ဆံကို အညီအမျှ ခွဲဝေယူကြသည်။

တစ်ခါတစ်ရံမှာ သူတို့ရသော ဘလက်လေဘယ်သည် အတုကြီးဖြစ်နေတတ်သည်။

မခင်အေးဆိုင်ကတော့ ပုလင်းကို ဖောက်ထိုးထောင်ကြည့်ကာ အမြှုပ်တွေကို လေ့လာပြီး အတုအစစ် ခွဲခြားသည်။ အဲဒီဆိုင်က မဝယ်လျှင် သူတို့နှစ်ယောက် ဗိုလ်ချုပ်ဈေးကို သွားရောင်းစားကြသည်။

အခြားပုဂ္ဂလိကဘဏ်တစ်ခုက မန်နေဂျင်းဒါရိုက်တာတစ်ဦးကတော့ လူလတ်ပိုင်း ဖြစ်သည်။ တော်တော်လေးလည်း ကြွားသည်။ သူ့အနားမှာ ခပ်ချောချော စကပ်တိုတိုနှင့် အတွင်းရေးမှူးမလေးတွေ ဝိုင်းဝိုင်းလည်နေသည်။ ထိုမန်နေဂျင်းဒါရိုက်တာ၏ နက်ကတိုင်ကို မိန်းကလေးတွေက ဝိုင်းစည်းပေးရသည်။ တော်တော်လည်း ကြွားသည့်ဘော့စ်ဖြစ်ပါသည်။ သူတို့ အင်တာဗျူးလုပ်နေစဉ် ကော်ဖီလေးတစ်ခွက်နှင့်ပင် ဧည့်မခံသလို ပြန်တော့လည်း ဘာမှ အမှတ်တရလက်ဆောင်ပစ္စည်း မပေးလိုက်လို့ ဓာတ်ပုံဆရာက လမ်းမှာ ပွစိပွစိ ဖြစ်သည်။

"ကျွန်တော်တို့ စာနယ်ဇင်းသမားတွေဟာ အခုလို အပင်ပန်းခံပြီး

mgyoe.com

mgyoe.com


လုပ်ငန်းတွေ၊ လုပ်ငန်းရှင်တွေဆီ သွားရောက်လေ့လာကွင်းဆင်းပြီး ကိုယ်ကြားသမျှ၊ ကိုယ်သိသမျှ ပြည်သူကို တင်ပြဖို့ တာဝန်အပြည့်ရှိတယ်ဗျာ။ ရရကောင်းစေ မအောက်မေ့ရပါဘူး။ ၁၉ လမ်းမှာ နှစ်ယောက်စပ်တူ ရှယ်ယာထည့်ပြီး ဆာတေးနှင့် ဘီအီးချကြ၊ အပန်းဖြေကြတာပေါ့ဗျာ"

စာရေးဆရာ ကျန်ကျောင်းက ဓာတ်ပုံဆရာကို နှစ်သိမ့်ကာ ၁၉ လမ်းဆီ ဆွဲခေါ်ဆောင်လာမှ သူ ငြိမ်သွားတော့၏။

ရန်ကုန်မြို့ရှိ အချို့သော ကုမ္ပဏီများမှ အချို့သော မန်နေဂျင်း ဒါရိုက်တာများမှာ လူငယ်များ ဖြစ်သည်။ အချို့မှာ မိဘက ချမ်းသာလို့ ကုမ္ပဏီထောင်ကာ မန်နေဂျင်းဒါရိုက်တာ ဖြစ်လာကြသည်။ သူတို့သည် ကုမ္ပဏီဆိုတာ ဘာညာ လျှောက်ကြွားကြသည်။ လူငယ်မန်နေဂျင်း ဒါရိုက်တာတစ်ဦးကတော့ အင်တာဗျူးလာလုပ်သူကို ပြောချင်ရာတွေ စွတ်စက်ပြောသည်။ မဂ္ဂဇင်းထွက်လာတော့ သူတို့ပြောသမျှထဲမှာ စာကြောင်းလေး နှစ်ကြောင်းတည်းသာ မဂ္ဂဇင်းထဲမှာ ဖော်ပြပါရှိသောအခါ ထိုမန်နေဂျင်း ဒါရိုက်တာသည် ဒေါနှင့်မောနှင့် မောင်းတင်ပြီး မဂ္ဂဇင်းတိုက်သို့ ပါဂျဲရိုးနှင့် ထိုးဆိုက်လာသည်။

သူသည် မဂ္ဂဇင်းတိုက်ရှေ့မှာ ကားတံခါးကိုဖွင့် ဒေါသနှင့် ပြန်ပိတ်၊ တိုက်ထဲသို့ ရှူးရှူး ရှဲရှဲ ဝင်လာ၊ ကုလားထိုင်ကို ဆွဲထိုင်၊ ခါးထဲမှာ ထိုးထားသည့် ဆယ်လူလာဖုန်းက ရုတ်တရက် ခါးထဲက ထွက်ကျလို့ သမံတလင်းပေါ်မှာ ပြေးပြီး ကုန်းကောက်ရ၊ ပြီးတော့ ကုလားထိုင်ပေါ်မှာ ပြန်ပြီး ဆောင့်ကြီးအောင့်ကြီး ထိုင်ချသည်။

"ကျန်ကျောင်းဆိုတဲ့ စာရေးဆရာ ဘယ်မှာလဲ၊ ကျုပ်တွေ့ချင်တယ်။ ကျုပ်ကုမ္ပဏီအကြောင်း ကျုပ်ဖြေဆိုခဲ့ရတာက စီခြောက်ဆယ် ကက်ဆက်ခွေ နှစ်ခွေစာရှိတယ်။ မဂ္ဂဇင်းမှာပါလာတော့ စာကြောင်းလေး နှစ်ကြောင်းတည်း ရယ်။ ကျုပ်ရဲ့ ရွှေနဲ့စက်ပြီး တန်ဖိုးကြီးလှတဲ့ အချိန်တွေကို ဖဲ့ပြီး သူ့ကို ပေးလိုက်ရတာ ကျုပ်အတွက် သိပ်နစ်နာတယ်။ ကျန်ကျောင်းဆိုတဲ့ စာရေးဆရာကို ကျုပ် မကျေနပ်ဘူး။ ကဲ အယ်ဒီတာချုပ်ကြီး၊ ခင်ဗျားက ဘယ်လို သူ့ကို အရေးယူမှာလဲ ပြော"

အယ်ဒီတာချုပ် ဦးထိပ်ပြောင်မှာ သူ့ခေါင်းသူပွတ်ရင်း "အင်း အဲ...

mgyoe.com

mgyoe.com

ဟို... ဟို..." လျှောက်ပြောနေသည်။

စာရေးဆရာ ကျန်ကျောင်းမှာ ဒီဇာတ်လမ်းတွေကို ကြိုတင်သိမြင်ထားသူ ပီပီ မဂ္ဂဇင်းထွက်ရက်မှာ ဘယ်တော့မှ မဂ္ဂဇင်းတိုက်သို့ မလာတတ်ပါ။ စာမူခကလည်း သူက စာမူအပ်စဉ်ကတည်းက ကြိုတင်ထုတ်ယူပြီးသားမို့ မဂ္ဂဇင်းထွက်ချိန်မှာ စာမူခထုတ်ဖို့ မလိုအပ်တော့ပါ။

ပြဿနာဖြစ်လျှင် အယ်ဒီတာချုပ် ဦးထိပ်ပြောင်ကသာလျှင် ဖြေရှင်းရသည်။ တောင်းပန်ရသည်။

"ကဲ၊ အယ်ဒီတာချုပ်ကြီး၊ စာရေးဆရာ ကျန်ကျောင်းမလာမချင်း ကျုပ် ဒီမဂ္ဂဇင်းတိုက်က ထိုင်စောင့်နေမှာပဲ"

ဟု သူပြောသည်။

အရေးထဲ ဆယ်လူလာက ထအော်နေပြန်ပြီ။

သူ ဆယ်လူလာကို နားမှာကပ်သည်။

"ဟဲလို ဟဲလို ဩော်... အေး အေး နောက်မှ ပြန်ဆက်ကွာ"

သူ ဆယ်လူလာကို ခါးထဲ ပြန်ထိုးသည်။

"ကျန်ကျောင်းကို ကျုပ်စောင့်ရမယ်"

"ဩော် ကျန်ကျောင်းဆိုတဲ့ စာရေးဆရာက ရှေ့လ မျက်နှာဖုံးဆောင်းပါးအတွက် မော်လမြိုင်ကို ခရီးထွက်သွားပါတယ်။ ဆယ်ရက်ကြာမှ သူ ပြန်လာမှာပါ။ တချို့အကြောင်းအရာတွေက ကျွန်တော်တို့ မဂ္ဂဇင်းရဲ့ မူဝါဒနဲ့ ကိုက်ညီမှသာ ဒီမဂ္ဂဇင်းထဲမှာ ဖော်ပြလို့ ရပါတယ်ခင်ဗျာ။ ကျန်ကျောင်းဟာ အဲဒါကြောင့် လူကြီးမင်းပြောတာကို အကုန်အစင် ထည့်သွင်းမရေးသားတာ ဖြစ်မှာပါ ခင်ဗျာ"

"မဟုတ်ဘူးဗျ... သူ ကျုပ်ကို သေသေချာချာ 'ချ' တာဗျ။ ကျုပ်မှာ စကားတွေ အကုန်အစင်ပြောခဲ့ရပြီး ကုမ္ပဏီရဲ့ အရေးပါမှုတွေ အန်ထုတ်ခဲ့ရပြီး မဂ္ဂဇင်းထဲမှာ ကျုပ်ပြောတာ စာနှစ်ကြောင်းတည်း ပါဝင်ဖော်ပြတာဟာ ကျွန်တော့်ကို သူ သက်သက်စော်ကားတာဗျ။ ကျုပ်ကုမ္ပဏီက ကောင်မလေးတွေက ကျုပ် မဂ္ဂဇင်းထဲမှာ ပြောတာတွေ ကျက်မှတ်ဖို့ သိမ်းဆည်းဖို့၊ စောင့်နေကြရတာ တစ်လရှိပြီ။ နောက် ကျုပ်ဓာတ်ပုံတွေ ဖလင်တစ်လိပ်စာ ရိုက်ယူသွားပြီး မဂ္ဂဇင်းထဲမှာ ဓာတ်ပုံသေးသေးလေး

mgyoe.com

mgyoe.com


တစ်ကွက်တည်း ဖော်ပြထားတာကိုလည်း ကျုပ် မကျေနပ်နိုင်ဘူး၊ ကျန်ကျောင်းနဲ့ တွဲပြီးလာတဲ့ ဟိုပါးဖောင်းဖောင်း ဓာတ်ပုံဆရာကော ဘယ်မှာလဲ၊ ကျုပ်ဖိုက်ရလိမ့်မယ်"

"ဓာတ်ပုံဆရာလည်း စာရေးဆရာ ကျန်ကျောင်းနဲ့အတူ မော်လမြိုင်ကို ပါသွားပါတယ်ခင်ဗျာ၊ သူတို့တွေ ရော်ဘာအကြောင်း လေ့လာတင်ပြဖို့ သံဖြူဇရပ်အထိ သွားကြမှာပါ"

"ကဲဗျာ၊ သူတို့ပြန်ရောက်ရင် ကျုပ်ဆီ ဖုန်းဆက်ပါ။ ဟောဒီမှာ ကျုပ်ရဲ့ ဆယ်လူလာ ဖုန်းနံပါတ်"

သူက ကတ်ပြားလေးတစ်ခုကို အယ်ဒီတာစားပွဲပေါ် ပစ်ချပေးခဲ့ကာ ပါဂျဲရိုးဆီ ဝုန်းဒိုင်းထသွားသည်။

စိတ်ဆိုးမာန်ဆိုး ကားတံခါးဖွင့်။

စိတ်ဆိုးမာန်ဆိုး ကားတံခါးပိတ်။

ကားဒရိုင်ဘာက ပါဂျဲရိုးကို သူ့ဘော့စ်လိုပင် ဒေါသတကြီး မောင်းထွက်သွားသည်။

အယ်ဒီတာချုပ်က သူ့နဖူးသူ ဖြောင်းခနဲ ရိုက်လိုက်သည်။

စာရေးဆရာ ကျန်ကျောင်းတို့မှာ တစ်ခါတစ်ရံလည်း အဲလို ညစ်စရာလေးတွေ ကြုံရတတ်ပါသည်။

*

ဟော အခုတော့ စာရေးဆရာ ကျန်ကျောင်းဟာ အန်တီကြီးရဲ့ ဘော်ဒါဆောင် အခန်းအမှတ် ၁ ထဲက ခုတင်လေးတစ်လုံးပေါ်မှာ ကျောခင်းလျက် တီရှပ်အဖြူပွပွနှင့် ဘောင်းဘီတိုပွပွကို ဝတ်ထားရင်း၊ နိုင်ငံခြားချောကလက်ကို ဝါးရင်း အရသာခံလို့ ဖိမ်ကျလို့။

ကျန်ကျောင်းအတွက် ဟောဒီရန်ကုန်မြို့ကြီး ဖြစ်ပေါ်လာရပြီး ဟောဒီရန်ကုန်မြို့ကြီးအတွက် ကျန်ကျောင်းဆိုသည့် စာရေးဆရာ ဖြစ်ထွန်းလာရသည်။

ကမ္ဘာကြီး သာယာပါစေ။

ရန်ကုန်မြို့ကြီး လှပပါစေ။

mgyoe.com

mgyoe.com


စာရေးဆရာ ကျန်ကျောင်း နိုင်ငံခြားချောကလက်ကို ဝါးစားနေပါသည်။

ချောကလက်စားသူများထဲမှာ စာရေးဆရာ ကျန်ကျောင်းလည်း တစ်ဦး အပါအဝင် ဖြစ်ပါ၏။

❑

mgyoe.com